CBCM-OSC

CBCM-OSC



News

Catholic Bishops' Conference of Myanmar
Office of Social Communication
292(A), Pyay Road, Sanchaung, Yangon
ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံး

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံး

CBCM-OSC (Catholic Bishops' Conference of Myanmar - Office of Social Communication)

မြန်မာနိုင်ငံ၏လူမှုဆက်သွယ်ရေးရုံးကို "UNDA" လာတင်းဘာသာဖြင့် လှိုင်းဟုအဓိပ္ပါယ် ရှိကာ ရေဒီယိုနှင့် ရုပ်မြင်သံကြားအတွက်ရည်ညွှန်းသည်။ "OCIC" Organization Catholique International Cinema at de l'Audiovisuael, ရုပ်ရှင်နှင့် အကြားအမြင် အတွက် နိုင်ငံတကာကက်သလစ် အစည်းအရုံးဟူ၍ ၁၉၂၈ ခုနှစ် Brussel တွင် အခြေပြုတည်ထောင်ခဲ့သည်။ " UNDA" နှင့် "OCIC"နှစ်ခုပေါင်းစပ် ၂၀၀၀ ခုနှစ်တွင် "Signis" ဟုပြောင်းလဲခေါ်ဆိုကြသည်။ "Signis" သည် လာတင်းဘာသာစကားဖြစ်သော "Signum" လက္ခဏာ နှင့် "Ignis" မီး ဟူသော စာလုံးနှစ်ခုကို ပေါင်းစပ်ထား ခြင်း ဖြစ်သည်။ Signisသည် ကက်သလစ်သာသနာ၏ လူမှုဆက်သွယ်ခြင်းကိုအထောက်အကူဖြစ်စေသော ကဏ္ဍ တစ်ခုသာဖြစ်သည်။ ပြည့်စုံသော ကက်ကလစ်လူမှုဆက်သွယ်ခြင်း ဖြစ်စေရန် လိုအပ်သည့် အင်္ဂါရပ် သုံးခုဖြစ်သော အသံ၊ ရုပ် နှင့် စာပေတို့ ပါဂင်ပေါင်းစည်းမှသာလျှင် ပြည့်စုံသောကက်သလစ် လူမှုဆက်သွယ်ရေးဖြစ်ပါမည်။ ထို့ကြောင့် ရဟန်းမင်းကြီး ရုံးတော်ဆိုင်ရာ လူမှုဆက်သွယ်ရေး၏ လမ်းညွှန်မှုအတိုင်း Signis အစား Office of Social Communications - OSC ဟု ပြန်လည် သုံးနှုန်းခေါ်ဆိုခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံးကို ၁၉၇၇ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့ပါသည်။ လူမှုဆက်သွယ်ရေးတာဝန်ယူခဲ့ကြသောဆရာတော်ကြီးများမှာဂိုဏ်းချုပ်ဆရာတော်ကြီး Alphonse U Than Aung (မန္တလေး၊ ကွယ်လွန်) (၁၉၇၇ မှ ၁၉၈၀)၊ ဂိုဏ်းချုပ်ဆရာတော်ကြီး Paul Grawng မန္တလေးသာသနာ (၁၉၈၄ မှ ၁၉၈၄)၊ ဆရာတော်ကြီး Isaac Danu တောင်ငူ(၁၉၈၅ မှ၂၀၀၀)၊ ဆရာတော်ကြီး Peter Hlaဖယ်ခုံသာသနာ(၂၀၀၀ မှ ၂၀၁၄)၊ ဆရာတော်ကြီး Peter Louis Ca Ku ကျိုင်းတုံသာသနာ (၂၀၁၄ မှ လက်ရှိ) တို့ဖြစ်ပြီးဘုန်းတော်ကြီးများမှာ Fr. Anthony TheinAungတောင်သူသာသနာ(၁၉၇၇ မှ ၁၉၈၄)၊ Fr. Stephen U Cho ပုသိမ်သာသနာ (၁၉၈၅ မှ ၁၉၈၉)၊ Fr.RaphaelMahnThakhkleinပုသိမ်သာသနာ (၁၉၈၉ မှ ၂၀၀၀)၊ Fr. Marthinn Aye Ngweပုသိမ်သာသနာ (၂၀၀၀ မှ ၂၀၀၃)၊ Fr. Benedict HtayLwinရန်ကုန်သာသနာ(၂၀၀၄ မှ ၂၀၁၀)နှင့် Fr.LeoMang (sdb) (၂၀၁၁ မှ လက်ရှိ)တို့က တာဝန်အသီးသီး ထမ်းဆောင် ကြပါသည်။

### ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံး၏ သတင်းလွှာထုတ်ဝေခြင်းအကြောင်းရင်းများ

- ဇေဂဝလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောက်ရွက်နိုင်စေရန်
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်
- မြန်မာနိုင်ငံသာသနာအသီးသီး၊ သူတော်စင်ဂိုဏ်းအသီးသီးတို့သည် နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီပေးပို့ခြင်း နှင့် အာရှသမ္မာတရားလေလှိုင်းအသံ၏ထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်

### ဖွဲ့စည်းပုံ

- ထုတ်ဝေသူ။ ။ စီဘီစီအမ်
- အက်ဒီတာ။ ။ လူမှုဆက်သွယ်ရေးတာဝန်ခံ
- အတိုင်ပင်ခံများ။ ။ CBCM အထွေထွေအတွင်းရေးမှူး၊ ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကော်မရှင်၊ ကက်သလစ်ရှေ့နေများအဖွဲ့
- အဖွဲ့ဝင်များ။ ။ သာသနာ(၁၆)ခုနှင့် သူတော်ဂိုဏ်းများမှ လူမှုဆက်သွယ်ရေးတာဝန်ခံများ




## CBCM-OSC Seminar 2015

ဆက်သွယ်ရေးဆိုင်ရာ မွန်းမံသင်တန်း

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ လူမှုဆက်သွယ်ရေးရုံး၏ ဆက်သွယ်ရေးဆိုင်ရာ မွန်းမံသင်တန်းကို (၂၂-၂၅၊နိုင်ဝင်ဘာလ ၂၀၁၅) နေ့အထိ CBCM တွင်ကျင်းပခဲ့ပါသည်။ ထိုသင်တန်းတွင် သာသနာအသီးသီးမှ လူမှုဆက်သွယ်ရေးတာဝန်ခံ ဘုန်းတော်ကြီးများနှင့် သူတော်စင်ဂိုဏ်းအသီးသီးမှ အထူးကိုယ်စား လှယ်များ အားလုံးစုစုပေါင်း (၂၅)ပါးတက်ရောက်ခဲ့ပါသည်။

ဧဝံဂေလိသတင်းကောင်းဖြန့်ဝေရာတွင် လူမှုဆက်သွယ်ရေးသည် အဓိကနေရာတွင်ရှိနေပါသည်။ ဆက်သွယ်ခြင်းမရှိလျှင် မည်သို့မျှ သတင်းအချက်အလက်များ ပေးပို့ရယူနိုင်ခြင်း မရှိသကဲ့သို့ မည်သည့် အရာမျှ အကျိုးသက်ရောက်မှု ရှိအောင်ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ဤကဲ့သို့ အရေးကြီးသော ကဏ္ဍကို ခေတ်၏တိုးတက် ပြောင်းလဲ ခြင်း များနှင့်အတူ ကက်သလစ် သာသနာတော် သည်လည်း လိုက်လျော ညီထွေအောင် ဆောင်ရွက်ရပါမည်။ ရဟန်းမင်းကြီးရုံးတော်ဆိုင်ရာ လူမှုဆက်သွယ်ရေး ရုံး၏လမ်းညွှန်မှုအတိုင်း မြန်မာပြည်တွင်လည်း ခိုင်မာသော ဆက်သွယ်ရေး ဆိုင်ရာ ဖွဲ့စည်းပုံနှင့်အတူ လုပ်ငန်းစဉ်များ ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် ဆွေးနွေးခဲ့ ကြသည်။

ဤသင်တန်းတွင်မြန်မာပြည်နေရာဒေသအနှံ့အပြားတွင်ထိုးဖေါက်ဝင်ရောက် နေပြီဖြစ်သောအင်တာနက်မီဒီယာ၏လွှမ်းမိုးခြင်းများကို ကောင်းမွန်စွာ တုန့်ပြန်တတ်စေရန်ရည်ရွက်လျက် အင်တာနက်ကို အလွန်အကျွံ အသုံး ပြုခြင်း သို့မဟုတ် လွဲမှားစွာအသုံးပြုခြင်းဖြင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆိုးကျိုးများကို နားလည်နိုင်စေရန် ဩစတီးလျားနိုင်ငံမှ စိတ်ပညာရှင် Mr. John Poon ကရှင်းပြခဲ့ပါ သည်။ စစ်မှန်သောသတင်းရေးသားနည်းနှင့် သတင်းအချက်အလက်များကိုတိကျမှန်ကန်စွာရေးသား နိုင်စေရန်နှင့် မြန်မာပြည်ရှိသာသနာအသီးသီးအချင်းချင်းအပြန်အလှန် ဆက်သွယ်နိုင်စေရန်လိုအပ်သောသတင်းအချက်အလက်များရေးသားပေးပို့နိုင်ရန် မြစ်မခမီဒီယာမှCEOဒေါ်မေသကြန်ဟိန် ကိုယ်တိုင်ရှင်းလင်းတင်ပြခဲ့ပါသည်။ လူကုန်ကူးခြင်းဆိုင်ရာသိကောင်းစရာအသိပညာပေးခြင်းကိုလူကုန်ကူးမှု ပပျောက်ရေးကော်မရှင် CBCM ၏ အကူအညီဖြင့် Mr. Rolanက ဝေငှခဲ့ပါသည်။ လူမှုဆက်သွယ်ခြင်းနှင့် ဆိုင်ရာကက်သလစ် သာသနာ၏ လမ်းညွှန်ခြင်းတွင် မိမိကိုယ်တိုင်(personal)သည် ဆက်သွယ် ခြင်း၏ မူလဖြစ်သကဲ့သို့ အရေးကြီးဆုံး ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် ကောင်းသောစိတ်နှလုံးသားပိုင်ဆိုင်မှသာလျှင် အခြားသောသူများကို ကောင်းသောအရာများကိုပြန်လည် ပေးနိုင်မည်ဖြစ်ကြောင်းတရုတ်နိုင်ငံမှ RVA တာဝန်ခံ Fr. John MiShen က အသေးစိတ် ရှင်းပြခဲ့ပါသည်။ လူမှုကွန်ယက်၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကိုသိရှိနားလည်ကာမိမိကိုယ်တိုင် အကောင်းနှင့်အဆိုးကိုဆုံးဖြတ်နိုင်စေရန် ရည်ရွယ်လျက် အာရှသမ္မာတရားလေလှိုင်းအသံ၏ အစီအစဉ် တာဝန်ခံချုပ် Fr. Gabriel Htun Myint က စုံလင်စွာရှင်းပြခဲ့ပါသည်။

CBCM-OSC ၏ ဦးဆောင်မှုဖြင့် ကက်သလစ်ဆက်သွယ်ခြင်းလုပ်ငန်းများဖြစ်သောအာရှသမ္မာတရား လေလှိုင်းအသံလွှင့်ခြင်း၊ စာပေထုတ်ဝေခြင်း နှင့် မီဒီယာဆက်သွယ်ရေးသင်တန်းများပို့ချပေးခြင်း၊ ရုပ်ရှင်၊ ဗီဒီယို၊ တေးသီချင်း၊ မှတ်တမ်းထုတ်လုပ်ခြင်း တို့ဖြစ် ကြသည်။

မြန်မာပြည်ကက်သလစ်သာသနာ၏ တစ်ခုတည်းသောစာစောင်ဖြစ်သည့် မျိုးကြဲသူစာစောင်၏ ရာပြည့် ဂျူဘီလီပွဲတော်ကို ၂၀၁၉ ခုနှစ်တွင်ပြုလုပ်ပါမည်။ အာရှသမ္မာတရား လေလှိုင်းအသံလွှင့်ခြင်းကို တိုင်းရင်းသားဘာသာစကား (၉)မျိုးဖြင့်အသံလွှင့်နေပါသည်။ မြန်မာဘာသာကို မန္တလေးတွင် အခြေပြုကာ အသံလွှင့်လျက်ရှိသလို ကချင် တိုင်းရင်းသားဘာသာ၊ ကရင် တိုင်းရင်းသားဘာဖြစ်သော စကော ကရင် နှင့် ပိုးကရင်၊ ချင်းတိုင်းရင်းသား ဘာသာများဖြစ်သော တီးတိန်းချင်း၊ ဖလမ်းချင်း၊ ဟားခါးချင်း၊ မင်းတပ်ချင်း နှင့် မီးဇိုချင်း တိုင်းရင်းသားဘာသာတို့ဖြင့် နေ့စဉ် အသံလွှင့် နေပါသည်။ တိုးတက်ပြောင်းလဲ နေသော ယခုခေတ်တွင် RVA လေလှိုင်းတို အသံလွှင့်ခြင်းမှသည် အင်တာနက် အွန်လိုင်း အသံလွှင့်ခြင်းဆီသို့ ပြောင်းလဲ ထုတ်လွှင့်နိုင်ရန် ပြင်ဆင်နေပြီ ဖြစ်သည်။

မြန်မာပြည်ရှိသာသနာအသီးသီးမှ ကက်သလစ် လူမှုဆက်သွယ်ရေးတာဝန်ခံများ နှင့်သူတော်စင်ဂိုဏ်းအသီးသီးတို့ကမိမိတို့သာသနာ၏ ဆက်သွယ်ရေး ဆိုင်ရာလုပ်ရှားမှု အောင်မြင်ခြင်းများနှင့်အတူစိန်ခေါ်ခြင်းများကိုပါ ရှင်းလင်းဝေမျှ ခဲ့ကြသည်။ သာသနာတိုင်းတွင် ဆက်သွယ်ရေးရုံးနှင့် တာဝန်ခံများ ဖွဲ့စည်းခန့်အပ်ထားလျက်ရှိနေခြင်းသည် ကျေနပ်အားရစရာကောင်းသကဲ့သို့ အချို့သောနေရာများတွင် ဆက်သွယ်ရေးတာဝန်ခံကို အခြားသော လုပ်ငန်းတာဝန်များထမ်းဆောင် နေရခြင်းကင်းမဲ့ကာအချိန်ပြည့် တာဝန်ပေးခန့်အပ်ထားပါကဆက်သွယ်ရေးနှင့်ဆိုင်သောတမန်တော် လုပ်ငန်းများကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ သာသနာတစ်ခုခုတွင် လိုအပ်သောအကူအညီရှိပါကသာသနာတစ်ခုနှင့်တစ်ခုအကူအညီပေးခြင်းနှင့် သတင်းအချက်အလက်များ၊ လုပ်ငန်းဆောင်တာများကိုအပြန်အလှန် ပေးပို့ဝေငှခြင်းတို့ဖြင့် တစ်နိုင်ငံလုံးတွင် ပိုမိုကျစ်လစ်၍ တွင်ကျယ်သော ဆက်သွယ်ရေးစနစ်ကိုရရှိကြမည်ဖြစ်သည်။ (CBCM-OSC)

# လူမှုဆက်သွယ်ရေးရုံး၏မှတ်တမ်းများ




အာရှတိုက်ရှိကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံး၏ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၂၀) ကိုကက်သလစ် ဆရာတော်ကြီးများရုံးချုပ်၊ ရန်ကုန်၊ မြန်မာပြည်တွင် ပထမဆုံးအကြိမ် အဖြစ် ၁၆ မှ ၂၁ ရက်နေ့ နိုင်ဝင်ဘာလ ၂၀၁၅ ခုနှစ်အထိအောင်မြင်စွာ လက်ခံ ကျင်းပခဲ့ပါသည်။

အစည်းအဝေး၏ရည်ရွယ်ချက်မှာအာရှတိုက်တွင်ရှိသောနိုင်ငံအသီးသီးတို့၏ ကက်သလစ် လူမှုဆက်သွယ်ရေးဖြင့် သာသနာပြုခြင်းကိုထိထိရောက်ရောက်လုပ်ဆောင်နိုင်ရန်နှင့် တိုးတက် ပြောင်းလဲနေသောခေတ်သစ်မီဒီယာ၏ စိန်ခေါ်မှုများကိုကက်သလစ်သာသနာ၏ လမ်းညွှန်မှုအောက်တွင် အကောင်းမွန်ဆုံးဖြေရှင်း နိုင်သောနည်းဗျူဟာများရေးဆွဲခြင်းဖြစ်သည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ်၏ ရည်ရွယ်ချက်မှာ "အာရှတိုက်ရှိကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံးများသည် ခေတ်၏စိန်ခေါ်ခြင်းများနှင့်အနာဂတ်မီဒီယာတွင် ဆရာတော်ကြီးများ တွေ့ဆုံဆွေးနွေးခြင်း၏အခန်းကဏ္ဍသည် လူမှုဆက်သွယ်ရေးရုံးများကို အားဖြည့်ပေးခြင်း" ဟူသော ခေါင်းစဉ်ဖြစ်သည်။

အစည်းအဝေးတွင် အိန္ဒိယနိုင်ငံမှ ဆရာတော်(၁)ပါးနှင့် ဘုန်းတော်ကြီး (၃)ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆရာတော်(၁)ပါး၊ သီရိလင်္ကာနိုင်ငံမှ ဆရာတော်(၁)ပါး၊ မွန်ဂိုးလီးယားနိုင်ငံမှ ဘုန်းတော်ကြီး(၁)ပါး၊ ထိုင်းနိုင်ငံမှ ဆရာတော်(၂)ပါးနှင့် ဘုန်းတော်ကြီး(၁)ပါး၊ ဗီယက်နမ်နိုင်ငံမှဘုန်းတော်ကြီး(၂)ပါး၊ အင်ဒိုနီးရှားနိုင်ငံမှ ဆရာတော် (၁)ပါး၊ တောင်ကိုးရီးယားနိုင်ငံမှ ဘုန်းတော်ကြီး (၁)ပါး၊ တရုတ်နိုင်ငံမှ ဘုန်းတော်ကြီး(၁)ပါး၊ ဖိလိပိုင်နိုင်ငံမှ ဆရာတော်(၁)ပါး၊ ဘုန်းတော်ကြီး (၃)ပါး နှင့် ရုံးချုပ်မှ (၁)ယောက်၊ ကဘောဒီယားနိုင်ငံမှ(၁)ယောက်၊ အိမ်ရှင်မြန်မာနိုင်ငံမှဆရာတော်(၁)ပါးနှင့်ဘုန်းတော်ကြီး(၂)ပါးတို့ဖြစ်ကြသည်။ အစည်းအဝေးတွေ့ဆုံပွဲတွင် အီတလီနိုင်ငံရဟန်းမင်းကြီးရုံးတော်ဆိုင်ရာလူမှုဆက်သွယ်ခြင်းရုံး၏အတွင်းရေးမှူး Msgr. Paul Tighe, မှ ပြုပြင်ပြောင်းလဲထားသည့် ရဟန်းမင်းကြီးရုံးတော်ဆိုင်ရာ လူမှုဆက်သွယ်ရေးအတွက်ရေးဖွဲ့စည်းပုံကိုအသေးစိတ်ရှင်းပြခဲ့သည်။ Internet အလွန်အကျွံသုံးစွဲခြင်းဖြင့်ဖြစ်ပေါ်လာသောနောက်ဆက်တွဲဆိုးကျိုးများကို ဩစတြေးလျားနိုင်ငံမှ စိတ်ပညာရှင် Mr. John Poon က ရှင်းပြခဲ့ပါသည်။

ကြွရောက်လာကြသောဆရာတော်ကြီးများနှင့် ဘုန်းတော်ကြီးများကမိမိတို့တိုင်းပြည်တွင် ပြုလုပ် ကျင့်သုံးနေသောလူမှုဆက်သွယ်ရေးဆိုင်ရာ တမန်တော်လုပ်ငန်းများကိုအသီးသီးဆွေးနွေးခဲ့ ကြသည်။ သတင်းကောင်း ဝေမျှရာတွင် အာရှသားများအတွက်လိုအပ်နေသောလိုအပ်ချက်များကိုဆရာတော်များအဖွဲ့ချုပ်အသီးသီးများစီမံရယူနိုင်ခြင်းအားဖြင့်အာရှသမ္မာတရားလေလှိုင်းအသံကိုပံ့ပိုးပေးနေပါသည်။ အိန္ဒိယနိုင်ငံဆရာတော်များ အဖွဲ့ချုပ်က ဆက်သွယ်ရေးနှင့် ဆက်နွှယ်သောသုတေသနပြုကျောင်းနှင့် ဆက်သွယ်ရေးသင်တန်းအမျိုးမျိုးပို့ချ ပေးလျက်ရှိကြောင်း၊ ဖိလိပိုင်နိုင်ငံတွင် ဆက်သွယ်ရေးတမန်တော်လုပ်ငန်းအစီအစဉ်များဆောင်ရွက် ပေးလျက် ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်းသာသနာတိုင်း၌ ဆက်သွယ်ရေးရုံးနှင့် ဆိုင်သောဖွဲ့စည်းပုံများကို ပြန်လည်ဖွဲ့စည်းနေခြင်းနှင့်အတူလူမှုဆက်သွယ်ရေးရုံး၏အစီအစဉ်ဖြင့် ကက်သလစ် ဖန်တီးမှုအနုပညာရှင်များအဖွဲ့ကိုဖွဲ့စည်းကာအနုပညာလုပ်ငန်းများတွင်တွင်ကျယ်ကျယ် လုပ်ဆောင်လျက် ရှိပါကြောင်းဆွေးနွေးခဲ့ကြသည်။

ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားစ်လသို ကမြန်မာနိုင်ငံသို့ရောက်ရှိနေကြသောအာရှတစ်ခုလုံးဆိုင်ရာလူမှုဆက်သွယ်ရေးတာဝန်ခံဆရာတော်များနှင့်ဘုန်းတော်ကြီးများအားသူ၏ ကျောင်းတိုက်တွင်ဖိတ်ခေါ်ကာကျေးဇူးတင် မိစ္ဆာတရားတော်ကို ဦးဆောင်ဟောကြား ပေးခဲ့သည်။ ကာဒီနယ် ချားစ်လသို၏ ကြိုဆိုနှုတ်ခွန်းဆက်တရားတော်တွင် "မြန်မာနိုင်ငံတွင်ရောက်ရှိနေကြသောအာရှတစ်ခုလုံးဆိုင်ရာ လူမှုဆက်သွယ်ရေးတာဝန်ခံ ဆရာတော်များနှင့် ဘုန်းတော်ကြီးများအား အထူးပင်ဝမ်းမြောက်ဝမ်းသာစွာဖြင့်ကြိုဆိုပါကြောင်း၊ အာရှဆိုင်ရာကက်သလစ်ဆရာတော်ကြီးများ၏ အစည်းအဝေး တစ်ခုကိုပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံတွင်လက်ခံကျင်းပရခြင်းနှင့်အတူဆက်သွယ်ခြင်း၏ အရေးကြီးမှုနှင့် အကျိုးသက်ရောက်မှုတို့ကိုသိသာမြင်သာစေပြီး မြန်မာပြည်တွင် သမိုင်းတွင် စေသည့် အရေးကြီးသောမှတ်တမ်းတစ်ခုဖြစ်သည်"။ ဆက်လက်၍ မိစ္ဆာတရား ပြီးဆုံးသောအခါ ကာဒီနယ်တည်းခင်းသောညစာကို အတူတကွ စားသုံးခဲ့ကြပြီး ဧည့်သည်တော် များကို တိုင်းရင်းသားရိုးရာ အကတို့ဖြင့်ဖျော်ဖြေဧည့်ခံခဲ့ကြသည်။(အဆက် စာ(၄))



<u>လူမှုဆက်သွယ်ရေးရုံး၏မှတ်တမ်းများ(စာ (၃) အဆက်)</u>

အစည်းအဝေး၏ နောက်ဆုံးဆုံးဖြတ်ချက်တစ်ချို့မှာ

၁။ ဆက်သွယ်ရေးတမန်တော်လုပ်ငန်းကိုထိထိရောက်ရောက်လုပ်ဆောင်နိုင်ရန် ကက်သလစ် သာသန၏ လမ်းညွှန်းမှုအတိုင်းခိုင်မာသော ဖွဲ့စည်းပုံကိုဆရာတော်အဖွဲ့ချုပ်တိုင်းဖွဲ့စည်းရန်။

၂။ သိုးထိန်းများနှင့်ဘာသာတူတို့သည် ဆက်သွယ်ခြင်းနှင့်မီဒီယာ၏ ဆက်နွယ်ခြင်းကိုကောင်းမွန်စွာနားလည်ရန်လိုအပ်သည် *Aetatis Novae* (n.430) ။ ထိုသွန်သင်ချက်ကိုလက်တွေ့ဘဝတွင် အမှန်တကယ်ကျင့်သုံးရန်။

၃။ ဆရာတော်များအဖွဲ့ချုပ်တွင် ဆက်သွယ်ရေးတာဝန်ထမ်းဆောငနေသောသူတို့သည် မိမိတို့၏ သာသနာအုပ်စုအဆင့်ဆင့်တွင် ဆက်သွယ်ရေးနည်းဗျူဟာနှင့်အစီအစဉ်များချမှတ်နိုင်ရန် အနီးကပ် ကူညီပေးကြရန်။

၄။ ဆက်သွယ်ရေးတမန်တော်လုပ်ငန်းကိုကောင်းမွန်စွာ ထမ်းဆောင်နိုင်ရာဌလုံလောက်သောအထောက်အပံ့များ ရရှိနိုင်ရန်ကမ္ဘာ့လူမှုဆက်သွယ်ရေးနေ့တွင် အလှူငွေများကောက်ခံခြင်း။

၅။ နိုင်ငံတိုင်း၏ ဆက်သွယ်ရေးရုံးချုပ်တို့သည်ကမ္ဘာ့အရပ်ရပ်တွင်ရှိသောကက်သလစ်တက္ကသိုလ်၊ကော်လိပ်၊ ကက်သလစ်ပုံနှိပ်တိုက်များ၊ မီဒီယာလုပ်ငန်းလုပ်ဆောင်နေသူများနှင့်ချိတ်ဆက်ကာ အပြန်အလှန်အကူအညီပေးနိုင်စေရန်။

၆။ မီဒီယာသင်တန်း၊ ပညာပေးခြင်းပုံနှိပ်ထုတ်ဝေခြင်း၊ မီဒီယာပွဲတော်စသည်တို့ကို လိုအပ်နေသော နေရာဒေသအသီးသီးတွင် တတ်မြောက်သော ဆရာများနှင့် အပြန်အလှန်ကူညီပေး ကြရန်။

**ကျေးဇူတင်ခြင်း**

အာရှတိုက်ရှိကက်သလစ်ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံး၏ ပုံမှန်အစည်းဝေး အမှတ်စဉ် (၂၀)ကို မြန်မာပြည်တွင် ပထမဆုံး အကြိမ်အဖြစ်လက်ခံကျင်းပခြင်း နှင့် မြန်မာနိုင်ငံကက်သလစ် ဆရတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံး၏ မွမ်းမံသင်တန်းတို့ကို အောင်မြင်စွာလက်ခံကျင်းပခဲ့ရာတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသောညီအစ်ကိုမောင်နှစ်မအားလုံးကိုအထူးကျေးဇူးတင် လျက်မှတ်တမ်းတင်အပ်ပါသည်။ အထူးသဖြင့် နေရာထိုင်ခင်းနှင့် စားသောက်ရေးအစဉ်ပြေစေရန် စီစဉ်ပေးသော CBCM မှ Fr. Maurice ညွှန့်ဝေ (အထွေထွေတွင်းရေးမှူး) နှင့် Fr. Albert မျိုးလွင်၊ အစစအရာရာစီမံပေးခဲ့သော Theresa ခိုင်၊ ဘုရားကျောင်းနှင့် ခန်းမဆောင်အလှပြင်ပေးသောသီလှရှင်များ၊ CBCMဝန်ထမ်းများအားလုံး၊ လိုအပ်ရာရာအသုံးပြုရန် ကားအသုံးခွင့်ပေးသောဆလေးရှင်းဂိုဏ်း၊ ဧည့်သည်ကြိုပို့လုပ်ပေးသော Mr. Augustine နှင့် Michael၊ ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီးကျောင်းတွင် ပြုလုပ်သည့် ဧည့်သည့်တော် ဆရာတော်ကြီးများနှင့် ဘုန်းတော်ကြီးများအား ဂုဏ်ပြုခြင်း အစီအစဉ်တစ်ခုလုံးကို တာဝန်ယူစီစဉ်ပေးခဲ့သော Fr.Noel Saw နှင့် အဖွဲ့သားများအားလုံး၊ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပါဝင်ဂုဏ်ပြုပေးသည့် ရန်ကုန်ကက်သလစ်ချင်းမိသားစု၊ရန်ကုန် ကက်သလစ်ကချင်မိသာစု၊ မျှော်ပြင်ခြင်းသီလရှင်ကျောင်း၊ ကောင်းသောသီလရှင်ကျောင်းသူများအားလုံးကို အလွန်ပင်ကျေးဇူးတင်လျက်ရှိပါသည်။ ဘုရားသခင်၏ ကောင်းကြီးတော်သည် သင်တို့ အပေါ်သို့ အစဉ်အမြဲသက်ရောက်ပါစေကြောင်း ဆုတောင်းပေးရင်း မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးများဆိုင်ရာလူမှုဆက်သွယ်ရေးရုံးမှ မှတ်တမ်းတင်အပ်ပါသည်။

ကျေးဇူးတင်ခြင်းနှင့်အတူ ခရစ်တော်၏အမှုတော်၌

**Bishop Peter Louise CaKu**
(President of CBCM-OSC)

**Fr. Leo Mang (SDB)**
(National Director, CBCM-OSC)








ဂျေရောဗလိုဆုတောင်းပြည့်လုဒ် မယ်တော်ပွဲ

(ဖယ်ခုံသာသနာ)

(၃၂) ကြိမ်မြောက် ဂျေရောဗလိုဆုတောင်း ပြည့် လုဒ် မယ်တော်ပွဲကို ဖယ်ခုံသာသနာလုံးဆိုင်ရာဘုရားဖူးဗဟို ဖြစ်သည့် ဖယ်ခုံမြို့ပေါ်ရှိ ဂျေရောဗလို ဆုတောင်းပြည့် လုဒ်မယ်တော်ဂူရှိတောင်ပေါ်တွင် ၆.၁၂.၂၀၁၅ မှ ၈.၁၂.၂၀၁၅ အထိစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ ပါသည်။ ၂၉.၁၁.၂၀၁၅ ရက်နေ့ညနေ (၄း၀၀) နာရီတွင် မယ်တော်အလံတင်ခြင်းဖြင့် ပွဲတော်ပြင်ဆင်ခြင်းနိုဗီးနားမစ္ဆားတရားတော်ကိုစတင်ခဲ့ပါသည်။ ၂၉.၁၁.၂၀၁၅ မှ ၇.၁၂.၂၀၁၅ အထိညနေ(၃း၀၀) နာရီတွင် အာပါတ်ဖြေခြင်း နှင့် (၄း၀၀) နာရီအချိန်တွင် ပွဲတော်ပြင်ဆင်ခြင်းနိုဗီးနားမစ္ဆားတရားတော်ကိုသာသနာအတွင်းရှိအသင်းအဖွဲ့များမှ အလှည့်ကျဦးဆောင်ကာပွဲတော် အတွက် ပြင်ဆင်ဆုတောင်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ ၈.၁၂.၂၀၁၅ ရက်နေ့တွင် အပြစ်မဲ့သန္ဓေယူတော်မူသော မယ်တော်သခင်မ ပွဲတော်နေ့ကြီးမစ္ဆားတရားတော်ကိုနံနက် ၉း၀၀ နာရီတွင် ဆရာတော် (၃)ပါး၊ ရဟန်း (၁၂၃)ပါး၊ အနယ်အရပ်ရပ်မှ ဘာသာတူ နစ်သောင်းကျော် ပါဝင်ကျင်းပခဲ့ပါသည်။ ထိုနေ့ညနေ (၃း၀၀) နာရီအချိန်တွင် ဖျားနာသူများအတွက် ကုသခြင်းမစ္ဆားတရားတော်ကို ရဟန်း(၃)ပါးဦးဆောင်ကာဘာသာတူအမြောက်အမြား ပါဝင်ဆုတောင်းခဲ့ကြပါသည်။ ညနေ (၄း၀၀)နာရီအချိန်တွင် စီတန်းလှည့်လည်ခြင်း၊ ကိုယ်တော်မြတ်ကောင်းကြီးခံယူခြင်း နှင့် မယ်တော်အလံပြန်လည်ရုပ်သိမ်းခြင်းဖြင့် ပွဲတော်ကို ပြီးမြောက်အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ထိုပွဲတော်၏ ဖျော်ဖြေရေးအစီအစဉ်တွင် ယဉ်ကျေးမှုအကပဒေသာများ၊ သာသနာအတွင်းရှိဆက်ကပ်လူငယ်များ၊ ဖယ်ခုံတီးဝိုင်းဖွဲ့တော်သားများ၊ နိုင်ငံကျော်တေးသံရှင် ဇော်ပိုင်နှင့် ဆုန်သင်းပါရ် တို့စသဖြင့် အသီးသီး ဖျော်ဖြေခဲ့ပါသည်။ "ဒီပွဲတော်မှာမယ်တော်သခင်မရဲ့ ကူညီစောင်မမှုအောက်တွင် ပွဲဖြစ်မြောက်ရေးကော်မတီနှင့်အတူ သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများရဲ့ကွပ်ကဲမှုကြောင့် အထိအခိုက်မရှိပဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်"ဟုပွဲတော်ကိုဦးဆောင်သောကျောင်းထိုင် Fr. Augustine Koမှပြောကြားခဲ့ပါသည်။ "ဒီပွဲတော်သည် လူမျိုးစုံ၊ဘာသာစုံလာရောက်ပြီး ပါဝင်သည့်အတွက် ဇပံဂေလိသတင်းကောင်း ဖြန့်ဝေရန် အကောင်းဆုံးသောပွဲလို့သုံးသပ်မိပါတယ်" ဟု မယ်တော်ဂူတာဝန်ခံ Fr. Thomas Chit Thar မှပြောကြားခဲ့ပါသည်။

**(Pekhon-OSC)**



**C.B.C.M-OSCသတင်းစာစောင်**

ဘားအံကက်သလစ်လူထု ဆက်သွယ်ရေးတာဝန်ခံ ဘုန်းတော်ကြီးက C.B.C.M-OSCသတင်းစာစောင် ကိုဒီဇင်ဘာလ ၂၀၁၅ ခုနှစ်မှစပြီး ၂ ပတ်တစ်ကြိမ်ထုတ်ဝေတော့မည်ဖြစ်ကြောင်း၊၄င်းသတင်းစာစောင် ထုတ်ဝေခြင်းနှင့် ပတ်သက်ပြီးဘားအံ ကက်သလစ်သာသနာ အတွင်း ရှိရဟန်း၊ သီလရှင်များနှင့် ဘာသာသူများ၏သဘောထားအမြင် မှတ်ချက်များ မေးမြန်းရာတွင် "လုပ်နိုင်ရင်လုပ်ကြ"လို့ဘားအံကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကြီးဂျက်စတင်း(ခ)စောမင်းသိုက်မှ သဘောထားမှတ်ချက် မိန့်ကြားခဲ့ပါတယ်။

၄င်းစာသတင်းစာစောင်ထုတ်ဝေခြင်း နှင့်ပတ်သက်ပြီး "ကောင်းတယ်၊ ကက်သလစ်လူထုဆက်သွယ်ရေး တာဝန်ခံအားလုံးနဲ့ သူတော်စင် ဂိုဏ်းအားလုံးပူပေါင်းပြီးထုတ်ဝေမယ် ဆိုတော့ သတင်းတွေစုံမယ်၊ သာသနာအားလုံးလှုပ်ရှားမှုတွေ သိလာမယ်၊ ဘာသာသူတွေ အမြင်ကျယ် လာမယ်၊ ထုတ်ဝေနိုင်ရင်ကောင်းပါတယ်"လို့ဘားအံကက်သလစ် စိန်ဖရန်စစ်ဇေးဗီးယားကယ်သီဒြယ်၊ ကျောင်းထိုင် မွန်စီညော် မာတီးနူစ်(ခ)စောမြင့်စိုးမှ သူ့ရဲ့သဘောထားအမြင် မှတ်ချက်ကိုမိန့်ကြား သွားပေးခဲ့ပါတယ်။

"C.B.C.M-OSC" သတင်းစာစောင်ကိုထုတ်ဝေ ဖြန့်ချီမယ်ဆိုတော့ အရမ်းကောင်းတယ်၊အရင်ကတည်းကထုတ်ဝေစေချင်တာ၊ကျွန်တော်အားပေးတယ် ဖတ်ချင်နေပြီ။ တက်နိုင်သလောက်ကျွန်တော်လည်း သတင်းတွေပို့ပေးပါမယ်"။ လို့ ဘုရားသုံဆူမြို့၊ ထိုင်း-မြန်မာနယ်စပ်တွင် သာသနာ့အမှုတော်မြတ်ကိုစွမ်းစွမ်းတမံထမ်းဆောင်နေတဲ့ ဘရာသာရ်စောဂျက်စတင်း (ခ) ဖူးသတောကအားပေးစကားပြောကြားသွားခဲ့ပါတယ်။ စစ္စတာရ် ဖလောရာက"ကောင်းတယ်၊ သာသနာအားလုံးရဲ့လှုပ်ရှားမှုတွေ သိလာရမယ်၊ ပြီးတော့သူတော်စင်ဂိုဏ်းအားလုံးရဲ့ ခေါ်တော်မူခြင်းအကြောင်း တွေကိုလူငယ်မိန်းခလေးတွေ သိလာပြီးတော့ ဆက်ကပ်ချင်တဲ့သူတွေရှိရင်တော့ဘယ်လိုဆက်သွယ်ရမလဲ၊ ဘယ်ဂိုဏ်းနဲ့မှ ကိုယ်ကကိုက်ညီမလဲပေါ့၊ သူတို့ရဲ့ ဝါသနာအရည်အချင်းနဲ့ ကိုက်ညီတဲ့ဂိုဏ်းကိုရွေးချယ်နိုင်မယ်၊ ကောင်းတယ်၊ ဒီသတင်းစာစောင်ကို ထုတ်ဝေစေချင်ပါတယ်။" လို့သဘောထားမှတ်ချက်ကိုပေးခဲ့ပါတယ်။

ဘားအံကက်သလစ်လူငယ်ဥက္ကဌနော်ထရေဖား(ခ)အေးစန္ဒာအောင်က "ကောင်းတာပေါ့၊ လူငယ်တွေအတွက်ကောင်းတယ်၊ လူငယ်တွေဖတ်နိုင်ရင်ကောင်းတယ်၊ မဖတ်နိုင်ရင်တော့သတင်းဘဲဖြစ်မှာပေါ့၊ ဒီသတင်း စာ စောင်ကို လူငယ်တွေ ဆီအရောက် ပို့ပေးနိုင်ရင်ကောင်းပါတယ်။" လို့ သဘောထား အမြင်မှတ်ချက် ကိုဖုန်းမှတဆင့်ပြော ကြားသွားပေးခဲ့ပါတယ်။

ဘားအံကက်သလစ်ဓမ္မဆရာဥက္ကဌစောဒေါ်မိနစ်ကလည်း"အရမ်းကောင်းတယ်၊ တစ်နိုင်ငံလုံးဘာသာရေးသတင်း လှုပ်ရှားမှုတွေ ဖတ်ရမယ်လေ၊ ပြီးတော့ဒီသတင်းလှုပ်ရှားမှုကနေပြီးတော့ အတုယူစရာတွေယူလို့ရမယ်၊ ဘာသာသူတွေ အမြင်ကျယ်လာမယ်၊ ကျွန်တော်တို့ ဓမ္မဆရာတွေဆီကိုရောက်အောင် ပို့ပေးပါ။ သူတို့ကို ကျွန်တော်ကအရမ်းဖတ်စေချင်တယ်၊ သူတို့အတွက်ခွန်အားရမှာပါ။ ပြီးတော့ ဓမ္မဆရာနဲ့ပတ်သက်တဲ့သတင်းတွေ ပို့ပေးပါမယ်" လို့သူရဲ့ သဘောထားအမြင် မှတ်ချက်ကိုအားရပါးရပြောကြားပေးခဲ့ပါတယ်။**(Hha-an-OSC)**

## ဘုရားရှင်၏သနားဂရုဏာတော် ဂျူဗလီနှစ်အဖွင့်

(မန္တလေး)



၈.၁၂.၂၀၁၅ ရက်နေ့ ညနေ ၅ နာရီတွင် မန္တလေးဂိုဏ်းချုပ်သာသနာ Sacred Heart ဂိုဏ်းချုပ်ဆရာတော်ကြီးကျောင်းထိုင် ဘုရားကျောင်းတွင် ဘုရားရှင်၏ သနားဂရုဏာတော် ဂျူဗလီနှစ်အဖွင့်ပွဲကိုကျင်းပခဲ့သည်။ ရှေးဦးစွာ ထိုအခမ်းအနား၌ဘုန်းတော်ကြီး မာကူးဦးတင်ဝင်းမှ ဂျူဗလီတံခါးကိုကောင်းကြီး ပေးဖွင့်လှစ်ခြင်းအားဖြင့် အခမ်းအနားကိုစတင်ခဲ့သည်။ထို့နောက် ဘုန်းတော်ကြီး မာကူးဦးတင်ဝင်းက ဦးဆောင်ကာမစ္ဆားပူဇော်ခြင်းအခမ်းအနားကိုစတင်ခဲ့သည်။ ဘုန်းတော်ကြီး (၁၄) ပါးတက်ရောက်ခဲ့သည်။ သီလရှင်စုစုပေါင်း (၂၀) ခန့် ပါဝင်တက်ရောက် ခဲ့သည်။ ဘာသာတူစုစုပေါင်း (၁၀၀) ကျော်ခန့်ပါဝင်တက်ရောက်ခဲ့သည်။ဘုန်းတော်ကြီး မာကူးဦးတင်ဝင်း၏ ဩဝါဒထဲတွင် အဖမည်းတော် ဘုရားကဲ့သို့ သနားဂရုဏာရှိရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အကူးအပြောင်းကာလတွင် အချင်းချင်းသနားဂရုဏာထားပြီးညီညီညွတ်ညွတ်ရှိဖို့လိုအပ်ကြောင်း ဩဝါဒမိန့်ကြားခဲ့သည်။

ဤအခမ်းအနားကိုကျင်းပခြင်းအားဖြင့် မဟာဂရုဏာတော်ဂျူဗလီနှစ်အကြောင်းပိုမို၏သိရှိလာကြပြီး၊ ဘုရားရှင်၏မဟာဂရုဏာကိုပိုမိုထောက်ရှုလာနိုင်စေပါသည်။

**(OSC -MDY)**

---

**Cardinal Charles Bo ၏ ဂျူဗလီပွဲအတွက် ဆရာတော်ကြီးနီကောလပ်စ်မှဦးဆောင်ပြီး မန္တလေးသာသနာရှိဘုန်းတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေးခြင်း**

၂.၁၂.၂၀၁၅ ရက်နေ့တွင် ဂိုဏ်းချုပ်ဆရာတော်ကြီးနီကောလပ်စ်မန်းထန်ဦးဆောင်၍ မန္တလေးသာသနာဘုန်းတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေးကာ Cardinal Charles Bo ၏ ဂျူဗလီပွဲအတွက် အစည်းအဝေးပြုလုပ်ခဲ့ကြသည်။ဆရာတော်ကြီးနီကောလပ်စ်ကပြောကြားရာတွင် မြန်မာနိုင်ငံ၏ပထမဆုံး ကာဒီနယ် ရရှိသည့် အတွက် ဂုဏ်ယူစွာကျင်းပရမည့်ပွဲဖြစ်ကြောင်းပြောကြားခဲ့ပြီး လုပ်ငန်းတာဝန်များကိုဆွေးနွေးခဲ့ကြသည်။

ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဘုန်းတော်ကြီးဒေါမနစ်ဦးဂြိုလ်တုမှ ဦးဆောင်မည့်အကြောင်းသတင်းရရှိခဲ့သည်။ အခြားတာဝန်များကိုလည်း အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။Cardinal Charles Bo အတွက်လက်ဆောင်ဆက်သရန် Cardinal ၏ပုံတူကျောက်စီပန်းချီကားချပ်ကိုပေးအပ်ဆက်သမည်ဖြစ်ကြောင်းသတင်းရရှိခဲ့ပါသည်။

**(OSC -MDY)**



**ဘုရားသခင်၏သနားကြင်နာခြင်းဂျူဘီလီမင်္ဂလာနှစ်ဖွင့်ပွဲကျင်းပခြင်း။**

၁၃.၁၂.၂၀၁၅

**အခမ်းအနားအစီအစဉ်။**

၁။ ဘာသာဝင်များသည် ဘုရားကျောင်းနှင့်မနီးမဝေးနေရာတွင် စုရုံးလျက်နေကြမည်။ (၁၇)
ဘုရားကျောင်းသို့စီတန်းလျက်လာနိုင်ရန် နေရာအကွာအဝေးအနည်းငယ်လိုအပ်သည်။ (၆–၇)

၂။ ဆရာတော်နှင့်ရဟန်းတော်များ တရားထောက်များနှင့်အတူသယ်န်းများဆင်မြန်းပြီး
ပရိသတ်စုရုံးရာနေရာသို့သွားကြမည်။ (၁၈)
ဆရာတော်သည်ခြုံထည်သယ်န်း (cope) ကိုပထမပိုင်းတွင်အသုံးပြုမည်။

- တရားထောက်များ
- ဓမ္မဝေလိကျမ်းစာသယ်ဆောင်သူ ဒီကင်၊ ရဟန်း
- ရဟန်းတော်များ
- ဆရာတော်ကြီး

၃။ သီချင်းသီဆိုခြင်း။ ဂျူဘီလီသီချင်း၊ ဘုရားသခင်၏သနားကြင်နာမှုကိုဖော်ပြရာသီချင်း။ (၁၉)

၄။ **ဆရာတော်မှအခမ်းအနားကိုစတင်ခြင်း။** (၁၉–ခ)
"ခမည်းတော်၊ သားတော် . . . .

၅။ **ဆရာတော်မှပရိသတ်ကိုနှုတ်ဆက်ခြင်း။** (၁၉)

**ဆရာတော်။** ။"ခမည်းတော်ဘုရား၏သနားကြင်နာမှု၊ သခင်ယေရှုခရစ်တော်၏ ငြိမ်းချမ်းသာ ယာမှုနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာရတော်တို့သည်သင်တို့အားလုံး
နှင့်အတူရှိပါစေ။"

အားလုံး။ ။ ကိုယ်တော်နှင့်လည်း ရှိပါစေ။

၆။ **သနားကြင်နာတတ်သောဘုရားသခင်အားချီးမွမ်းခြင်း။** (၂၀)
ဆရာတော်သည်ဘုရားသခင်အားချီးမွမ်းကြရန်ပရိသတ်အားဖိတ်ခေါ်သည်။

**ဆရာတော်။** ။"ကျွန်ုပ်တို့၏အပြစ်များကိုခွင့်လွှတ်တော်မူ၍ကျွန်ုပ်တို့၏ ရောဂါဝေဒနာများကို ကုသပေးတော်မူသောဘုရားသခင်အား ဘုန်းတော်ဂုဏ်တော်ရှိပါစေ"

အားလုံး။ ။ကိုယ်တော်၏သနားကျင်နာမှုသည် ထာဝစဉ်တည်လျက်ရှိသည်။
**ဆရာတော်။** ။"သနားကျင်နာမှုနှင့်ပြည့်ဝပြီး၊ စိတ်ရှည်လျက်ရက်ရောစွာချစ်ခင်ကြင်နာမှုကို
ပြတော်မူသောဘုရားသခင်အား ဘုန်းတော်ဂုဏ်တော်ရှိပါစေ။"

အားလံး။ ။ကိုယ်တော်၏သနားကျင်နာမှုသည် ထာဝစဉ်တည်လျက်ရှိသည်။
**ဆရာတော်။** ။"ကိုယ်တော်၏သားသမီးများအပေါ် ချစ်ခင်ယုယမှုပြသည့်ဖခင်ဖြစ်တော်မူသော
ဘုရားသခင်အား ဘုန်းတော်ဂုဏ်တော်ရှိပါစေ။"

အားလုံး။ ကိုယ်တော်၏သနားကျင်နာမှုသည် ထာဝစဉ်တည်လျက်ရှိသည်။

၇။ **ဆရာတော်ကြီး၏အဖွင့်အမှာစကားပြောကြားခြင်း။** (၂၁)

၈။ **အဖွင့်ဆုတောင်းမေတ္တာ။** (၂၂ အစား ၄၀ ကိုအသုံးပြုထားသည်)

ဆုတောင်းကြစို့။
အိုအဖဘုရားသခင်၊ အပြစ်ကြောင့် ဒဏ်ရာများရရှိလျက်၊ ကွဲလွင့်နေကြသောလူအမျိုး သမီး၊
အမျိုးသားတို့ကိုသားတော်၏အသွေးတော်သွန်းလောင်းခြင်းအားဖြင့်တစ်ခုတည်းသောခန္ဓာကိုယ်၌စုရုံးပေးရန်ကိုယ်တော်၏သားတော်အား
ဤလောကထဲသို့စေလွှတ်တော်မူသောအဖခမည်းတော်ဘုရား၊ ကိုယ်တော်အား မင်္ဂလာရှိပါစေ။
ကိုယ်တော်သည်သားတော်ကိုကောင်းသောသိုးထိန်းနှင့်သိုးစုအတွက် သိုးခြံတံခါးဝ အဖြစ်ခန့်ထားတော်မူခြင်းဖြင့် သိုးခြံထဲဝင်လာသူအပေါင်းတို့သည်
ကယ်တင်ခြင်းကျေးဇူးတော်ကိုခံယူရရှိကြ၍၊ သိုးခြံထဲသို့ ဝင်ထွက်သွားလာသူအပေါင်းတို့သည် ထာဝရအသက်ရှင်ခြင်းချမ်းသာ ဆိုင်ရာစားကျက်ကိုတွေ့ရှိကြပါသည်။
အိုအဘဘုရားသခင်၊ ဤဘုရားကျောင်းတံခါးဖြင့်ဖြတ်ကျော်လာကြသည့်ကိုယ်တော်၏ သားသမီးအပေါင်းတို့အား ကိုယ်တော်၏မျက်မှောက်တော်၌ကြိုဆိုတော်မူခြင်းဖြင့်ကိုယ်တော်၏
သနားကြင်နာမှုကိုမြောက်များစွာခံယူရရှိနိုင်ကြပါမည့်အကြောင်း၊ တပည့်တော်တို့၏သခင်ယေရှု ခရစ်တော်ဘုရားရှင်ကိုအမှီပြု၍တောင်းလျှောက်ကြပါသည်ဘုရား။
အားလုံး။ အာမင်။

၁၀။ **ဂျူဘီလီကျင်းပရန်ရဟန်းမင်းကြီး၏ အမိန့်ကြော်ငြာကိုဖတ်ကြားခြင်း။** (၈)
သနားကြင်နာမှု ဂျူဘီလကျင်းပရန်ရဟန်းမင်းကြီး၏ အမိန့်ကြော်ငြာမှပထမစာပိုဒ်ကိုဖတ်ပြရမည်။

၁၁။ **ဘုရားရှိခိုးကျောင်းသို့စီတန်း၍သွားကြခြင်း။** (၂၇)
အမှတ် (၁၀) အစီအစဉ်ပြီးဆုံးသွားသောအခါ ဒီကင်ဖြစ်စေ၊ ရဟန်းဖြစ်စေစီတန်းလှည့်လည်မှုကိုစတင်ရန်ဖိတ်ခေါ်ပါလိမ့်မည်။

ဘုရားသခင်၏သနားကြင်နာခြင်းဂျူဘီလီမင်္ဂလာနှစ်ဖွင့်ပွဲကျင်းပခြင်း။
၁၃.၁၂.၂၀၁၅
အခမ်းအနားအစီအစဉ်။

ဒီကင်၊ ရဟန်း။ သခင်ခရစ်တော်ဘုရားရှင်၏နာမတော်မြတ်၌စီတန်း၍သွားကြပါစို့၊
ကိုယ်တော်သည်ကျွန်ုပ်တို့ကိုဘုရားသခင်၏ သနားကြင်နာခြင်းကျေးဇူး တော်မင်္ဂလာနှစ်တစ်လျှောက်လုံးတွင်ကျွန်ုပ်တို့ကိုလမ်းပြခေါ် ဆောင်တော်မူလိမ့်မည်။
စီတန်းသွားကြစဉ်ဆာလံ ၈၆။ ၂၅၊ ရဟန္တာအပေါင်းလီတာနီ၊ သီချင်းဆိုရမည်။

၁၂။ ဘုရားကျောင်းတံခါးဖွင့်ခြင်း။ (၁၂၊ ၂၈-၂၉)
(ဘုရားကျောင်းတံခါးဝပတ်လည် အလှဆင်ထားရမည်)
စီတန်းလှည့်လည်ရာမှဘုရားကျောင်းတံခါးရှေ့သို့ရောက်သောအခါဆရာတော်နှင့်ပရိသတ်အားလုံး ခေတ္တရပ်ဆိုင်းကြမည်။

ဆရာတော်သည်တံခါးဖွင့်ရန်အမိန့်ပေးမည်။
ဆရာတော်။ "ဖြောင့်မတ်ခြင်းတံခါးတို့၊ ဖွင့်ကြလော့။ ကျွန်ုပ်တို့သည်ဘုရားကျောင်းထဲသို့ ဝင်ပြီး၊ ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းကြပါမည်။

တံခါးဖွင့်ပြီးသောအခါ။
ဆရာတော်။ ဤအရာသည်ဘုရားသခင်၏တံခါးဖြစ်သည်။ ကျွန်ုပ်တို့သည် ဤတံခါးမှဝင်၍
ဘုရားသခင်၏သနားကြင်နာမှုနှင့်အပြစ်ခွင့်လွှတ်ခြင်းကိုခံယူကြပါစို့။
၁၃။ ဧဝံဂေလိကျမ်းစာစာအုပ်ကို ဂုဏ်ပြုခြင်း။ (၁၂၊ ၃၀)
ဆရာတော်သည်ကျမ်းစာစာအုပ်သယ်လာသူလက်မှစာအုပ်ကိုလှမ်းယူမည်။ ထို့နောက်ကျမ်းစာစာအုပ်ကိုပရိသတ်ဘက်သို့လှည့်လည်ပြသမည်။ ပရိသတ်များလက်အုပ်ချီ၍အရိုအသေပေးကြမည်။
ထို့နောက်ဘုရားကျောင်းအတွင်းဘက်သို့ကျမ်းစာစာအုပ်ကိုပြသမည်။

၁၄။ ဘုရားရှိခိုးကျောင်းထဲသို့ စီတန်းဝင်ရောက်၍ နေရာယူကြခြင်း။ (၁၃၊ ၃၁-၃၂)
ဆရာတော်သည်ကျမ်းစာစာအုပ်ကိုသယ်ဆောင်လျက်ရဟန်းတော်များ၊ တရားထောက်များနှင့်အတူဘုရားစင်သို့စီတန်း၍သွားမည်။ ပရိသတ်များ အာဝင်တူးသီချင်းဆိုလျက် စီတန်းဝင်ရောက်လာကာနေရာယူကြမည်။

ဆရာတော်သည်ဘုရားစင်သို့ရောက်သောအခါခြုံထည်သင်ယန်းကိုလဲ၍မစ္ဆားသယ်န်းကို ဝတ်ဆင်မည်။

၁၅။ မေတ္တာရေကိုကောင်းချီးပေးခြင်း။ (၃၃-၃၅)
(မြန်မာမစ္ဆားတရားစာအုပ်၊ စာမျက်နှာ ၃၄၀တွင် ပေးထားသည်)
(ကောင်းချီးပေးမည့်ရေနှင့်မေတ္တာရေပက်ဖျန်းမည့်ခွက်များကိုပြင်ဆင်ထားပေးရမည်။

၁၆။ မေတ္တာရေပက်ဖျန်းခြင်း။

၁၇။ မစ္ဆားတရားတော်မြတ်ကိုပူဇော်ခြင်း။
မစ္ဆားတရားတော်မြတ်ပူဇော်ရာတွင်ပဏာမအပိုင်းကိုချန်ထားပြီး၊ အဖွင့်ဆုတောင်းမေတ္တာမှစတင်ပါလိမ့်မည်။ (၃၆)

၁၈။ သနားခြင်း၏ မယ်တော်ကိုဂုဏ်ပြုခြင်း။
ဆရာတော်သည်မစ္ဆားတရားတော်အဆုံးသတ်ကောင်းချီးမင်္ဂလာမပေးမီဤမင်္ဂလာနှစ်တွင်သနားခြင်း၏မယ်တော်ကိုလည်း အားကိုးကြရန်နှင့်အဆုံးသတ်သီချင်းကိုမယ်တော်ကို
ဂုဏ်ပြုသောသီချင်းဖြင့်မစ္ဆားတရားတော်မြတ်ကိုအဆုံးသတ်ရန်တိုက်တွန်းပါလိမ့်မည်။

မှတ်သားဖွယ်ရာများ။

တံခါးဖွင့်သောအစီအစဉ်တွင်အလေးအနက်ထားသောအရာများ။။

- ဘုရားသခင်ကိုဖြောင့်မတ်သောတရားသူကြီးအဖြစ်မြင်သည်ထက်၊ ချစ်ခင်ကြင်နာတတ်သောဖခင်အဖြစ်မြင်တတ်ရမည်။
- သခင်ယေရှု။ သခင်ယေရှုသည် သိုးခြံတံခါးဝဖြစ်သည်။(ယောဟန် ၁၀း၇) ကျွန်ုပ်တို့သည်သခင်ယေရှုကို ယုံကြည်ရာမှခရစ်ယာန် ဘာသာဝင်များဖြစ်လာကြသည်။
- ကျမ်းစာ။ ကျွန်ုပ်တို့သည် ဧဝံဂေလိကျမ်းစာတော်ကို ဟောပြောမှုကိုနားထောင်ရာမှ ယုံကြည်ခြင်း ဆုကိုရရှိပြီး ဘာသာဝင်များဖြစ်လာကြသည်။ ကျမ်းစာသည်လည်း တံခါးနှင့်တူသည်။
- ဆေးကြောခြင်း၊ ကျွန်ုပ်တို့သည်ဆေးကြောခြင်းမင်္ဂလာတံခါးဖြင့် အသင်းတော်ထဲသို့ဝင်လာကြ သည်။
မေတ္တာရေပက်ဖျန်းမှုသည်ကျွန်ုပ်တို့ခံယူခဲ့သောဆေးကြောခြင်းမင်္ဂလာကိုသတိရစေသည်။
- ဘုရားကျောင်းတံခါး။ ကျွန်ုပ်တို့သည်ဘုရားကျောင်းတံခါးမှတစ်ဆင့်ချစ်ခင်မှု၊ သနားကြင်နာမှုပြရာဘုရားသခင်ထံချဉ်းကပ်နိုင်ကြသည်။
- စီတန်းလှည့်လည်ခြင်း။ စီတန်းလှည့်လည်မှုသည်ကျွန်ုပ်တို့အား ကောင်းကင်နိုင်ငံသို့လျှောက်လှမ်း နေကြသောဘုရားသခင့်ဖူး ခရီးသည်များဖြစ်ကြောင်း သတိပေးလျက်ရှိသည်။
- မစ္ဆားတရားတော်မြတ်။ သခင်ယေရှုသည်သိုးစုအတွက်အသက်စွန့်သောသိုးထိန်းကောင်းဖြစ်တော်မူသည်။

(Prepared by Rev. Fr.  Soosay)

**ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားလ်စ်ဘို ၏ ဆရာတော်ဂါ (၂၅) ဂါပြည့် ငွေစင်ဂျူဘီလီပွဲတော် အစီအစဉ်များ**

၁၄ - ၁၇ ရက် ၊ ဒီဇင်ဘာလ ၊ ၂၀၁၅ ခုနှစ် ။

မုံလှ စံပြကျေးရွာ ၊

ရည်ရွယ်ချက်များ - ဘုရားရှင်အားကျေးဇူးဆပ်တင်ရန် နှင့် ချီးမွမ်းရန် ၊

ဘာသာတရားအချင်းချင်းပိုမိုချစ်ခင် ရင်းနှီးရန် ၊

ဘာသာပေါင်းစုံလူမျိုးပေါင်းစုံစည်းလုံး၍အတူလက်တွဲလုပ်ဆောင်ရန် ၊

မြန်မာနိုင်ငံတော်အေးချမ်းသာယာ၍ စည်ပင်ဂပြောရန် ။

**၁၄ ရက် ၊ ဒီဇင်ဘာလ ၊ ၂၀၁၅ ခုနှစ် (တနင်္လာနေ့)**

| အချိန် | အစီအစဉ် | နေရာ | တာဂန်ရှိပုဂ္ဂိုလ် |
|---|---|---|---|
| နံနက် - ၇း၀၀ နာရီ | မစ္ဆားတရားတော်<br>(ဘာသာပေါင်းစုံ စည်းလုံး ညီညွတ် မှု ပိုမိုရရှိစေရန်) | ဘုရားကျောင်း | ဂတ်ပြုကိုးကွယ်ခြင်းအဖွဲ့ |
| ညနေ - ၄း၀၀ နာရီ | ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်<br>ဆရာတော်ကြီးကာဒီနယ်ချားလ်စ်ဘိုအားကြိုဆိုခြင်း ၊ ဂတ်ပြုကိုးကွယ်ရန်<br>စင်မြင့်အားကောင်းချီးပေးဖွင့်လှစ်ခြင်း။ | သာသနာကျောင်းဂင်းအတွင်းရှိဂတ်ပြု ကိုးကွယ်ရန် စင်မြင့် | မန္တလေးကက်သလစ်<br>ဂိုဏ်းချုပ်ဆရာတော်ကြီး<br>Nicholas MangThang |
| ည - ၉း၀၀ နာရီ | ဖိုးချစ်ဇာတ်သဘင်မှတင်ဆက်ကပြခြင်း | စာသင်ကျောင်းအနီးလယ်ကွင်းရှိဇာတ်စင် | ဇာတ်သဘင် စီစဉ်သူများအဖွဲ့ |

**၁၅ ရက် ၊ ဒီဇင်ဘာလ ၊ ၂၀၁၅ ခုနှစ် (အင်္ဂါနေ့)**

| အချိန် | အစီအစဉ် | နေရာ | တာဂန်ရှိပုဂ္ဂိုလ် |
|---|---|---|---|
| နံနက် - ၇း၀၀ နာရီ | ဦးပဇ္ဇင်းသိက္ခာတင်ခြင်းမစ္ဆားတရားတော် | သာသနာကျောင်းဂင်းအတွင်းရှိ ဂတ်ပြုကိုးကွယ်ရန် စင်မြင့် | ဂတ်ပြုကိုးကွယ်ခြင်းအဖွဲ့ |
| ညနေ - ၄း၃၀ နာရီ | သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ | သာသနာကျောင်းဂင်းအတွင်းရှိ ဂတ်ပြုကိုးကွယ်ရန် စင်မြင့် | ဘုန်းတော်ကြီး မာကုတင်ဂင်း နှင့်အဖွဲ့ |
| ည - ၇း၀၀ နာရီ | ဘာသာပေါင်းစုံဆုတောင်းပွဲ (ငြိမ်းချမ်းရေး နှင့် သာယာဂပြောရေး အတွက်) | စာသင်ကျောင်းအနီးလယ်ကွင်းရှိဇာတ်စင် | ဘုန်းတော်ကြီး မာကုတင်ဂင်း နှင့်အဖွဲ့ |
| ည - ၉း၀၀ နာရီ | ဖိုးချစ်ဇာတ်သဘင်မှတင်ဆက်ကပြခြင်း | စာသင်ကျောင်းအနီးလယ်ကွင်းရှိဇာတ်စင် | ဇာတ်သဘင် စီစဉ်သူများအဖွဲ့ |

**၁၆ ရက် ၊ ဒီဇင်ဘာလ ၊ ၂၀၁၅ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

| အချိန် | အစီအစဉ် | နေရာ | တာဂန်ရှိပုဂ္ဂိုလ် |
|---|---|---|---|
| နံနက် - ၇း၀၀ နာရီ | ဂျူဘီလီမစ္ဆားတရားတော် | သာသနာကျောင်းဂင်းအတွင်းရှိ ဂတ်ပြုကိုးကွယ်ရန် စင်မြင့် | ဂတ်ပြုကိုးကွယ်ခြင်းအဖွဲ့ |
| နံနက် - ၁၀း၀၀ နာရီ | ဂျူဘီလီအောင်မြင်ခြင်းအထိမ်းအမှတ် ကချင်မနောအက | သာသနာကျောင်းဂင်းအတွင်း ရင်ပြင် | ဦးမြတ်စိုးလင်းနှင့် အဖွဲ့ |
| နေ့လည် - ၁း၃၀ နာရီ | ၁ နာရီကြာကိုယ်တော်မြတ်ဖူးဆုတောင်းခြင်းနှင့်ကောင်းချီးပေးခြင်း | ဘုရားကျောင်းအတွင်း | ဂတ်ပြုကိုးကွယ်ခြင်းအဖွဲ့ |
| ညနေ - ၄း၃၀ နာရီ | ကျေးရွာအတွင်းဖယောင်းတိုင်မီးများဖြင့် စီတန်းလှည့်လည်ခြင်း (ခရစ်ယာန် သချိုင်းတွင် အဆုံးသတ်မည်။) | မုံလှစံပြကျေးရွာ | ဂတ်ပြုကိုးကွယ်ခြင်းအဖွဲ့ |
| ည - ၈း၀၀ နာရီ | CCAA ၏ စတိတ်ရှိုးဖျော်ဖြေမှု | စာသင်ကျောင်းအနီးလယ်ကွင်း ရှိစတိတ်ရှိုးစင် | CCAA |

**၁၇ ရက် ၊ ဒီဇင်ဘာလ ၊ ၂၀၁၅ ခုနှစ် (ကြာသပတေးနေ့)**

| အချိန် | အစီအစဉ် | နေရာ | တာဂန်ရှိပုဂ္ဂိုလ် |
|---|---|---|---|
| နံနက် - ၇း၀၀ နာရီ | မစ္ဆားတရားတော် (ငြိမ်းချမ်းရေး နှင့် သာယာဂပြောရေးအတွက်) | သာသနာကျောင်းဂင်းအတွင်းရှိ ဂတ်ပြုကိုးကွယ်ရန် စင်မြင့် | ဂတ်ပြုကိုးကွယ်ခြင်းအဖွဲ့ |
| ည - ၈း၀၀ နာရီ | CCAA ၏ စတိတ်ရှိုးဖျော်ဖြေမှု | စာသင်ကျောင်းအနီးလယ်ကွင်းရှိစတိတ်ရှိုးစင် | CCAA |



Audio CD
Arranged by CCAA
Copyright : Archdiocesan office of Yangon
Irene Monica
Margarette
Cyril
Phillip
Copyright
Archdiocesan office of Yangon
Music Band: Section Players
Photos : Freddy(The White Legend)
graphicdesign: edwardthan et




